www.burmeseclassic.com

# အောင်ပွဲ

လင်းယုန်နီ

မိုးဦးစ ညဦးဖြစ်၏။

ကောင်းကင်ထက်တွင် တိမ်တောင်တိမ်လိပ် ကင်းစင်ခိုက် ခဏဖြစ်သောကြောင့် လမင်းသည် အစွမ်းကုန် ထွန်းလင်းနေလေသည်။ ထိုကဲ့သို့ သာယာသည့် အချိန်ဝယ် ဘကြီးထူးသည် တစ်နေ့လုံး လယ်ထဲ၌ ထယ်ထိုးခဲ့ရ၍ ပင်ပန်းခဲ့သမျှကို တဲရှေ့မန်ကျည်းပင်အောက် ကွပ်ပျစ်ပေါ်၌ ပက်လက်လှန်ကာ ဝါဝင်းသော လရောင်၏ အရသာနှင့် သူ့ဆေးတံကြီးကို ခဲထားသော အရသာတို့ကို ရောယှက်ကာ ခံစားရင်း အနားယူနေလေ၏။ သူ့ဘေးမှာကတော့ သူ့မြေးမကလေးဘုတ်စု။

ဘုတ်စုသည် သူ့အဘိုးဘေးတွင် ထိုင်နေရာမှ သူ့အစ်ကိုဖြစ်သူ ငတူးအား လှမ်းကြည့်နေ၏။ ငတူးသည် ခပ်လှမ်းလှမ်းရှိ ချောင်းကမ်းပါးမှ တစ်စုံတစ်ခုကို လိမ့်၍လိမ့်၍ ကန်ကစားရင်း ဘုတ်စုတို့ဆီသို့ လာ၍နေလေသည်။ ငတူးလိမ့်၍လိမ့်၍ ကန်လာသော ကစားစရာမှာ ကြီးလည်းကြီးသည်၊ ချောမွတ်၍လည်း နေသည်၊ ဝိုင်းလည်း ဝိုင်းသည်၊ ဖြူလည်းဖြူသည်၊ ပြီးတော့လည်း အခေါင်းတွေနှင့်။

ငတူး အနီးသို့ရောက်လာ၏။ သူ့ကစားစရာကြီးကို မြေကြီးပေါ်က ကုန်းကောက်၍ ကိုင်လိုက်၏။

"ဒါဘာကြီးလဲ... ဟင် .... ဘ"

ငတူးကား အသက် ၇ နှစ်ခန့်သာ ရှိသေးသည်။

ဘကြီးထူးသည် လှဲရာမှထကာ ငတူး၏လက်ထဲမှ ကစားစရာ လုံးလုံးကြီးကို လှမ်း၍ယူလိုက်သည်။ ပြီးတော့မှ သူ့ခေါင်းကို ဖြည်းဖြည်းရမ်းလိုက်ကာ စိတ်ပျက်စရာကောင်းသော သူ၏ ချိုးချစဉ် သက်ပြင်းကြီးကို ချလိုက်သည်။

"ဒီဟာ–ဟာ တို့အောင်ပွဲကြီးမှာသေတဲ့ လူတစ်ယောက်ယောက်ရဲ့ ခေါင်းခွံပဲ"

ဘကြီးထူးသည် သူနေ့လည်က ထယ်ထိုးသော လယ်ကွင်းဆီသို့ မှုန်ဝေသော မျက်စိအစုံဖြင့် ကြည့်လိုက်သည်။ ထယ်ထိုးပြီးစ လယ်ကွင်းသည် မှုန်ဝေသော လရောင်အောက်တွင် ပိုးလိုးပက်လက် လန်နေသည်။

"လယ်ထဲမှာလည်း ဒီလို ခေါင်းခွံတွေကို ဘ အများကြီး တွေ့ရတယ်ကွဲ့။ ဘာပြုလို့လဲဆိုတော့ ဒီနားတဝိုက်မှာ အောင်ပွဲကြီးဖြစ်သွားဖူးသေးတယ်။ ဒါကြောင့် ထယ်ထိုးလိုက်ရင် ဒါမျိုးတွေဟာ မြေအောက်မြုပ်နေရာက ထယ်သွားကို ငြိငြိပြီး ပြန်ပေါ်လာတယ်"

"အောင်ပွဲဆိုတာ ဘာလဲ ဘရယ်"

ငတူးသည် ကွပ်ပျစ်ပေါ်သို့တက်ကာ သူ့အဘိုး၏ နံဘေးတွင် ထိုင်လိုက်ပြီးနောက် အောင်ပွဲအကြောင်းကို ပြောပြရန် ပူဆာလေတော့သည်။ ဘုတ်စုကလေးကတော့ စောင့်မျှော်သည့်မျက်လုံးကလေးများဖြင့် ကြည့်နေရှာသည်။

"ပြောစမ်းပါ ဘရဲ့"

"ဒီလိုကွဲ့။ တို့ ဒီ ငမိုးရိပ်ချောင်းကြီး စီးလာတဲ့ ဟိုမြောက်အရပ်မှာဆိုရင် ပဲခူးမြို့ဆိုတဲ့ မြို့ကြီးရှိတယ်ကွဲ့။ အဲဒီမြို့ကြီးနားကနေ ဟိုဘက် ရွာအထိ အင်္ဂလိပ်နဲ့ အပြန်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စစ်တိုက်ကြသတဲ့။ ဘာပြုလို့ တိုက်တာတော့ ဘလည်း မသိဘူး။ အဲဒီတုန်းက ဘ လယ်ထွန်နေတယ်။ ဒါပေမဲ့ လူတိုင်းလူတိုင်းက ပြောကြတယ်။ သူတို့ စစ်တိုက်ကြသတဲ့"

ဘကြီးထူးသည် လူတိုင်းပြောကြသည့် စကားထဲမှ ထုတ်နှုတ်၍ ပြောပြလိုက်လေသည်။

"အဲဒီတုန်းကများ အင်္ဂလိပ်တွေက နိုင်လိုက်တာ၊ တစ်တိုင်းပြည်လုံးကို ကျော်သွားတာပဲတဲ့။ တိုင်းလုံးကျော် အောင်ပွဲကြီးတဲ့"

ဘကြီးထူးသည် အင်္ဂလိပ်–ဂျပန် တိုက်ပွဲကြီးကို သူများပြောစကား နားအကြားနှင့် ဂုဏ်ယူလိုက်လေသည်။

"သူတို့လည်းတိုက်ကြရော ကတွင်းခြံတို့၊ အိုးဘိုတို့ ဆိုတဲ့ ရွာတွေကို ပဲခူးမြို့ပေါ်က လူတွေ ပြေးလာကြရသတဲ့။ တချို့လည်း ချောင်ကျလွန်းတဲ့ တို့ရွာကိုတောင် ဆင်းပြေးလာကြတယ်။ အဲဒါ အရင်သုံးနှစ်တုန်းကကွ။ မင်းက ၄ နှစ်သား၊ ဘုတ်စုက ၃ နှစ်"

ဘကြီးထူးသည် သူ့ဆေးတံအိုးကြီးထဲမှ ပြာတွေကို လက်ဖဝါးတွင် ခေါက်ကာထုတ်ပစ်လိုက်သည်။

"အဲဒီအောင်ပွဲကြီးကို မြင်ရတဲ့လူတွေကပြောတော့ လူသေအလောင်းတွေဟာ အများကြီးပဲတဲ့။ ကလေးတွေရော၊ ကလေးအမေတွေရော ပါသတဲ့။ နေရောင်အောက်က လယ်ကွင်းတွေထဲမှာ ချင်းချင်းနီလို့တဲ့။ ပြီးတော့ ပုပ်ပွပြီး ပြန့်ကျဲနေကြသတဲ့။ အဲဒါ အောင်ပွဲဖြစ်တိုင်း ဒီလိုပဲဖြစ်ရသတဲ့။ ဒါပေမဲ့ အင်္ဂလိပ်တွေကို သိပ်ပြီးချီးမွမ်းကြသတဲ့"

"အို… ဘာပြုလို့ ချီးမွမ်းကြတာလဲ။ လူတွေ သေလို့လား"

ဘုတ်စုကလေးက ဝင်၍ စပ်စုလိုက်လေသည်။

"အို… မဟုတ်ဘူး ငါ့မြေးရဲ့၊ မဟုတ်ဘူး"

ပြီးမှ ဆက်၍ ဘကြီးထူးသည် လူတိုင်းပြောကြသည့်စကားကို ထုတ်နှုတ်၍ ပြောလိုက်ပြန်၏။

"ချီးမွမ်းတာက တစ်ပြည်လုံးကျော်ကြားတဲ့ အောင်ပွဲကြီးမို့…တဲ့"

ဘုတ်စုသည် ဆက်၍မမေးတတ်သဖြင့် ငြိမ်သွားလေ၏။

"ပြီးတော့ကော ဘာတွေဖြစ်သေးသလဲ ဘရဲ့"

ငတူး မေးခွန်းထုတ်လိုက်ပြန်သည်။

"တို့တတွေ လွတ်လပ်ရေးဆိုတာကို ရတယ်လို့ ပြောကြတာပဲ ငတူးရဲ့"

"လွတ်လပ်ရေးဆိုတာဘာလဲ ဟင် ဘ"

"ငါလည်း သေသေချာချာ မပြောတတ်ဘူးကွ။ ဒါပေမဲ့ အင်္ဂလိပ်တွေ အောင်ပွဲရလို့ ဂျပန်တွေပြေးရသတဲ့။ ဟောသည်ခေါင်းခွံဟာ ဂျပန်ခေါင်းခွံလားမှ မသိဘဲ"

ငတူးသည် သူ့'ဘ'လက်ထဲက ခေါင်းခွံကြီးကို ယူပြီးတော့ သေသေချာချာ ကြည့်လိုက်သည်။ သွားအချို့ ရှိသေးသည်။ သွားအချို့ရှိသေးသော ခေါင်းခွံသည် စပ်ဖြီးဖြီးလုပ်၍ ငတူးကို သရော်နေသလို ထင်ရလေသည်။

"အံမာ… ကြည့်…ဘ…သေတာတောင် ဒီအကောင်က ရယ်နေသေးတယ်။ ဂျပန်မဟုတ်ဘူးထင်တယ်၊ အင်္ဂလိပ်နဲ့ တူတယ်။ သူက အောင်ပွဲရလို့ ရယ်နေတာ ထင်ပါရဲ့"

ဘကြီးထူးသည် ငတူးပြောပုံကိုကြည့်၍ ပြုံးလိုက်သည်။ နောက် အပြုံးပြယ်သွားသည်။ ပြီးလျှင် ညည်းညည်းညူညူကြီးနှင့်–

"အေး… အောင်ပွဲကြီးမှာ အင်္ဂလိပ်တွေလည်း သေတာပဲကွဲ့။ ဒါပေမဲ့ တို့ပဲခူးတိုင်းကြီးဟာ တစ်တိုင်းတစ်ပြည်လုံး ဟိုးဟိုးကျော်တဲ့ အောင်ပွဲကြီးပေါ့ကွာ" ဟု ပြောလိုက်လေ၏။

❖

အတွဲ–၁၊ အမှတ်–၇၊ ၁၉၄၈၊ ဩဂုတ်၊
ပဒေသာရုပ်စုံ မဂ္ဂဇင်း

www.burmeseclassic.com